# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# (၅-၂-၂၀၂၀) (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းထွန်းအေး၊ မိုင်းရှူး မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်တွင် လက်နက်နှင့် သက်ဆိုင်သော ဥပဒေများအား မည်သို့ကျင့်သုံးလျက်ရှိသည်ကို ရှင်းလင်းစွာ ဖြေကြားပေးရန်နှင့် နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ အာဏာသက်ရောက် စေမည့် လက်နက်နှင့် သက်ဆိုင်သော ဥပဒေတစ်ရပ်ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အသစ်ရေးဆွဲ ပြဋ္ဌာန်းသွားရန် အစီအစဉ် ရှိ၊ မရှိ နှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးဇော်ဝင်းမြင့်၊ စဉ့်ကူး မဲဆန္ဒနယ်၏ **ခေတ်စနစ်အချိန်ကာလ ရွေ့လျားတိုးတက် ပြောင်းလဲလာမှု ဖြစ်စဉ်တို့နှင့် ဆီလျော်မှုမရှိတော့သော ၁၈၇၈ ခုနှစ်၊ လက်နက် ဥပဒေအား မဖြစ်မနေပြင်ဆင်ခြင်း (သို့) ပယ်ဖျက်ခြင်း များပြုလုပ်၍ အသစ် ပြန်လည်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ နှင့်**စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်တွင် ရွှေလင်ဗန်းစက်မှုဇုန်နယ်မြေရဲစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော လယ်ယာချောင်းမြောင်းများအား မူလအနေအထား ပြန်လည်ရောက်ရှိရေးအတွက် နှစ်အပိုင်းအခြားတစ်ခုအတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့သောက်သုံးရေ ရရှိရေးအတွက် မူးမြစ်အတွင်းစီးဝင်သော သိမ်ချောင်းမှတစ်ဖက်ပိတ်ဆည်ပိတ်၍ ဆားတောင်မြို့သို့ စက်ဖြင့် သို့မဟုတ် လျှပ်စစ်သုံး၍ တင်ပို့နိုင်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလဂန်ဇယ်ဂျူး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်ရှိ မိုင်းနားကျေးရွာ၊ နောင်တာလောကျေးရွာ၊ မဒိန်ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက် (၁/၂) တို့တွင် ပါဝင်သော လယ်ယာမြေများအား ပုံစံ (၇) ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့နယ်၊ ပန်းတောင်းကျေးရွာ ဒေသခံပြည်သူများ ဓါးမဦးချလုပ်ကိုင်ခဲ့သော မြေများတွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရေးနှင့် အကယ်၍ ဒေသခံမဟုတ်သူများမှ အလားတူလုပ်ကိုင်ခွင့် လျှောက်ထားမှုများ ပေါ်ပေါက်လာပါက ဒေသခံပြည်သူများအား ပွင့်လင်းစွာ ချပြအသိပေးကာ သဘောတူညီမှု ရယူပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"အသေးစားငွေရေးကြေးရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။